# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (October 22 - 31, 2024)

## အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၆၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ဦးနှင့် အမျိုးသမီး ၁၀ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၃ ဦး သေဆုံးခဲ့ပါသည်။ မကွေးတိုင်းတွင် ၁၂ ဦး၊ စစ်ကိုင်းတိုင်းတွင် ၉ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၆ ဦး၊ မန္တလေးတိုင်းတွင် ၄ ဦး၊ ပဲခူးတိုင်းတွင် ၃ ဦး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂၃ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄၂ ဦးတို့ ဖြစ်ပါသည်။

## မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ တိုင်း ၃ တိုင်းတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၈၂၀ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် နေအိမ် ၇၀၅ လုံး၊ မကွေးတိုင်းတွင် နေအိမ် ၇၁ လုံးနှင့် ပဲခူးတိုင်းတွင် နေအိမ် ၄၄ လုံးတို့ ဖြစ်ကြပါသာ်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၆ ခုတွင် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အရပ်သားပြည်သူ ၂၄၁ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၁၃၃ ဦး၊ ပဲခူးတိုင်းတွင် ၅၆ ဦး၊ ရခိုင်ပြည်နယ်တွင် ၂၂ ဦး၊ မကွေးတိုင်းတွင် ၂၀ ဦး၊ မန္တလေးတိုင်းတွင် ၈ ဦးနှင့် မွန်ပြည်နယ်တွင် ၂ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၇ ခုတွင် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၆၈ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၆ ကြိမ်၊ မန္တလေးတိုင်းတွင် ၁၇ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၈ ကြိမ်၊ မကွေးတိုင်းတွင် ၅ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၄ ကြိမ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ၂ ကြိမ်စီ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှု အပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၉၀ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၂၀ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းတွင် ၁၂ ကြိမ်၊ ကချင်ပြည်နယ်တွင် ၁၁ ကြိမ်၊ ကရင်ပြည်နယ်တွင် ၁၀ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၇ ကြိမ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆ ကြိမ်စီ၊ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၂ ကြိမ်စီ၊ တနင်္သာရီတိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။
အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၇၉ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၉ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- အောက်တိုဘာ ၁၉ ရက်တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှာ အာရက္ခတပ်တော် နဲ့ ARSA လက်နက်ကိုင်တပ်ဖွဲ့တွေကြား နှစ်ဖက်တိုက်ပွဲ ငါးကြိမ်နီးပါး ဖြစ်ပွားခဲ့ပြီး ARSA စခန်းချထားတဲ့ နေရာလေးခုကို သိမ်းယူနိုင်ခဲ့သည်။

## KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ဖာပွန်အခြေစိုက် စစ်ကောင်စီ စခန်းကြီးတစ်ခုဖြစ်သည့် ခေါပုတ် စခန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက အောက်တိုဘာ ၂၉ ရက်တွင် သိမ်းပိုက်ခဲ့ရာ စစ်တပ်ဘက်မှ ၁၀ ဦးသေဆုံးပြီး စစ်သား ၆ ဦးကို အရှင်ဖမ်းဆီးရရှိခဲ့သည်။

- အောက်တိုဘာ ၂၄ ရက်မှာ ရခိုင်ပြည်နယ်၊ အမ်းမြို့က စစ်ကောင်စီရဲ့ ခြေမြန်တပ်ရင်း ခမရ-၃၇၂ နဲ့ စစ်မြေပြင်အင်ဂျင် နီယာတပ်ရင်းတို့ကို အာရက္ခတပ်တော် (AA) က တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆယ်ဇင်းဒေသရှိ ရှမ်းနီတပ်ဖွဲ့(SNA)၏ တပ်စခန်းတစ်ခုကို ကချင်လွတ်လပ်ရေး တပ်မတော် (KIA) က အောက်တိုဘာ ၂၅ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

**အောက်တိုဘာ ၂၂ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




**Data of Myanmar Conflict 22-31, October 2024**

| States | Clashes between SAC and PDF/EAOs | Air Strike | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Villages set on fire | Houses burned down |
|---|---|---|---|---|---|---|---|---|---|
| BAGO | 12 | | 56 | | | 3 | 56 | | 44 |
| CHIN | 6 | 2 | 15 | | | 1 | | | |
| KACHIN | 11 | 1 | | | | | | | |
| KAYIN | 10 | 2 | 16 | | | 1 | | | |
| MAGWAY | 13 | 5 | 53 | 6 | | 12 | 20 | | 71 |
| MANDALAY | 2 | 17 | 3 | | 1 | 3 | 8 | 1 | |
| MON | 2 | 1 | 3 | | | 1 | 2 | | |
| RAKHINE | 20 | 4 | | | 2 | 21 | 22 | | |
| SAGAING | 7 | 8 | 17 | 3 | | 9 | 133 | | 705 |
| SHAN ( N ) | 6 | 26 | 16 | | | 6 | | | |
| SHAN ( S ) | | 1 | | | | 1 | | | |
| TANINTHARYI | 1 | 1 | | | | | | | |
| TOTAL | **90** | **68** | **179** | **9** | **3** | **58** | **241** | | **820** |

## Map of Myanmar Conflict ( October 22-31, 2024 )






# တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှတ်ပုံတင်လာရင် ခွင့်ပြုပေးဖို့ စစ်ကောင်စီက လျှို့ဝှက်ညွှန်ကြား ထားတယ်လို့ ဘီဘီစီရဲ့ နေပြည်တော် သတင်းအရင်းအမြစ်မှ သိရှိရပါသည်။

အောက်တိုဘာ ၂၁ ရက်တွင် အထူးလေယာဉ်ဖြင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးတချို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိနေပြီး နေပြည်တော်တွင် စစ်ကောင်စီလက်အောက်ခံ ပြည်ထဲ ရေးဝန်ကြီးနှင့် တွေ့ဆုံခြင်း၊ မြန်မာရဲတပ်ဖွဲ့များနှင့်တွေ့ဆုံခြင်း အပါအဝင် ရဲညီလာခံပါ တက်ရောက်မည် ဖြစ် သည်။

ကိုးကန့်တပ်မတော် (MNDAA) ခေါင်းဆောင် ဦးဖုန်တာရှင်ဟာ ကျန်းမာရေးအခြေအနေ စစ်ဆေးဖို့ တရုတ် နိုင်ငံ၊ ယူနန်ပြည်နယ်ကို သွားရောက်ချိန် အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းနှင့် တွေ့ဆုံခဲ့ ပါသည်။

(၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တက်ရောက်ခဲ့တဲ့ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်တွေနှင့် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ အောက်တိုဘာ ၂၄ ရက်က တွေ့ဆုံခဲ့ပါသည်။

လူမှုကွန်ရက်မှာ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ အစိုးရယန္တရားပျက်အောင်လှုံ့ဆော်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အာဏာရှင်ဟောင်း ဦးသန်းရွှေရဲ့ သားမက်ဖြစ်သူ ဒေါက်တာနေစိုးမောင်ကို အောက်တိုဘာ ၂၃ ရက်က မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်မှာ စစ်ကောင်စီမှ ဖမ်းဆီးခဲ့ပါသည်။

တရုတ်နဲ့ မြန်မာစစ်ကောင်စီတို့အကြား နှစ်နိုင်ငံတပ်မတော် ပူးပေါင်းဆောင်ရွက်မဲ့အခြေအနေကို ဒုတိယစစ် ခေါင်းဆောင်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနဲ့ တရုတ်သံအမတ်ကြီး မစ္စမာကျားတို့ အောက်တိုဘာ ၂၅ ရက်က နေပြည်တော်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese, The Nation Voive.**